# Burmese Democratic Futures Working Group – BDFWG

# University of Virginia

# Weekly Summary (August 08 - 14, 2024)

## တပတ်အတွင်းအနှစ်ချုပ်၏ အသေးစိတ်အချက်အလက်များ

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် နေအိမ် ၂၇ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ဩဂုတ် ၉ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံ အမှတ်(၁၅)တပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့၍ ညောင်ပင် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲရာ နေအိမ် ၂၅ လုံး မီးလောင်ပျက်စီးခဲ့သည်။

- ဩဂုတ် ၁၃ ရက်က စစ်ကိုင်းမြို့နယ်၊ မင်းကွန်းရဲစခန်းမှ အင်အား ၁၀၀ ခန့်ဖြင့် ထွက်လာသော စစ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ခုခံတိုက်ခိုက်ခဲ့ရာ စစ်သားများ အထိနာခဲ့သဖြင့် မြသိန်းတန်ဘုရားအနီးရှိ ရှားရောင်းကျေးရွာမှ ပြည်သူ့နေအိမ် ၂ လုံးထက်မနည်းကို မီးရှို့ဖျက်ဆီးခဲ့သည်။

### ဖမ်းဆီးခံရမှုများ

- ရောဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ တာသစ်ကြီးရပ်ကွက်မှာ လာရောက်တိမ်းရှောင်နေတဲ့ အသက် ၁၇ နှစ်အရွယ် အမျိုးသမီးတွေ အပါအဝင် ရခိုင်စစ်ဘေးရှောင် ၃၃ ယောက်ကို စစ်ကောင်စီတပ်က ဧည့်စာရင်း မတိုင်ကြားဘူးဆိုပြီး အကြောင်းပြကာ ဩဂုတ် ၉ ရက်တွင် ဖမ်းဆီးခဲ့ပါသည်။

- ဩဂုတ် ၁၁ ရက်က မကွေးတိုင်း၊ သရက်မြို့နယ်တွင် စစ်ကောင်စီစစ်ကြောင်းအား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ နှစ်ဦးသေဆုံးခဲ့ပြီး စစ်ကောင်စီက အရပ်သားသုံးဦးကို ဖမ်းဆီးသွားခဲ့သည်။

- မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်တွင် စစ်ကောင်စီက ဧည့်စာရင်းများ လိုက်လံစစ်ဆေးပြီး ဩဂုတ် ၇ ရက်က တဲကုန်းရွာနှင့် မဲခင်းကုန်းရွာများအား ဝင်ရောက် စစ်ဆေးပြီး ပြည်သူ ရှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

### လေကြောင်းမှ တိုက်ခိုက်မှုများ

- ဩဂုတ် ၈ ရက်က ပဲခူးတိုင်း၊ မုန်းမြို့နယ်၊ သစ်ဖြူဆိတ်ကျေးရွာကို စစ်ကောင်စီတပ်က ဒရုန်းနဲ့ ဗုံးချတိုက်ခိုက်တဲ့အတွက် ပြည်သူ ၁ ဦး သေဆုံးခဲ့ပါသည်။

- ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ဆတ်ချောက်ရွာကို စစ်တပ်က ဩဂုတ် ၁၃ ရက်တွင် လေကြောင်းဖြင့် ဗုံးကျဲ တိုက်ခိုက်ခြင်းကြောင့် အသက် ၃ နှစ်အရွယ် ကလေးငယ် ၁ ဦးနှင့် အမျိုးသမီး ၁ ဦး သေဆုံးခဲ့သည်။

- ကချင်လွတ်လပ်ရေးတပ် (KIA) ဌာနချုပ်ရှိတဲ့ လိုင်ဇာမြို့ဝန်းကျင် ခါယာတောင်နားတဝိုက်ကို ဩဂုတ် ၈ ရက်မှာ စစ်ကောင်စီက လေကြောင်းကနေ ဗုံးကြဲ ပစ်ခတ်ခဲ့ပါသည်။

- ဩဂုတ် ၈ ရက်တွင် စစ်ကောင်စီက ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်ရှိ ကုန်းလော၊ မြို့သစ်၊ စီဟက်ကျေးရွာများကို လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ပြည်သူ ၁၀ ဦးကျော် ထိခိုက်ဒဏ်ရာရရှိကာ ၁ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၁၄ ရက်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လမောင်နှင့် တောမော် စစ်ကောင်စီစခန်း ၂ ခုကို KIA ဦးဆောင်သော တော်လှန်ရေးတပ်များက တစ်ပြိုင်နက်တည်း တိုက်ခိုက်နေပြီး စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်။

- ဩဂုတ် ၇ ရက်တွင် မကွေးတိုင်း၊ ပေါက်မြို့နယ်တောင်ပိုင်းကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်က လေကြောင်း တိုက်ခိုက်ခဲ့ရာ ဘုန်းကြီးတစ်ပါးပျံလွန်တော်မူခဲ့သည်။

- မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ဝါးပင်ရွာကို စစ်ကောင်စီတပ်က ဩဂုတ် ၁၁ ရက်မှာ လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက် တာကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး နောက်ထပ်လေးဦး ဒဏ်ရာရရှိခဲ့ပါသည်။

- မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ဖယောင်းတောင်ရွာကို ဩဂုတ်လ ၆ ရက်တွင် စစ်ကောင်စီတပ်က လေကြောင်းကနေ တိုက်ခိုက်ခဲ့တာကြောင့် အရပ်သား ခုနစ်ဦးသေဆုံးခဲ့ပါသည်။

- ဩဂုတ် ၁၀ ရက်တွင် ဒေသခံ PDF တပ်တို့ နွားထိုးကြီးမြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ထွေအုပ်ရုံးနှင့် ရဲစခန်းတို့ကို သိမ်းပိုက်နိုင်ခဲ့ပြီး စစ်တပ်က လေယာဉ်နှစ်စင်းဖြင့် ဗုံးကြဲခဲ့သည်။

- မန္တလေးတိုင်း၊ နွားထိုးကြီးမြို့ပေါ်မှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်သားတွေကို ဩဂုတ် ၁၀ ရက်တွင် တော်လှန်ရေး တပ်ဖွဲ့များ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တော်လှန်ရေးရဲဘော် ၁ ဦး ကျဆုံးခဲ့ရပြီး စစ်တပ်ဘက်မှ အထိနာသဖြင့် ရဟတ်ယာဉ်ဖြင့် လာရောက်တိုက်ခိုက်ခဲ့ပါသည်။

- ဩဂုတ် ၁၁ ရက်တွင် သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့မှ ရဲစခန်း၊ ဆေးရုံ၊ လေးမျက်နှာဘုရားဝင်းထဲရှိ စစ်ကောင်စီ တပ်စခန်းများကို ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်ရာ ရဲစခန်းနဲ့ ဆေးရုံကို သိမ်းနိုင်ခဲ့ပြီး စခန်းတခု သာ ကျန်ရှိကာ စစ်ကောင်စီက လေကြောင်းမှ ပစ်ကူခုခံတိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၁၁ ရက်က မန္တလေးတိုင်း၊ တောင်သာမြို့နယ်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကမ်းပါးယံ ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းဆောင် သုံးဆောင် ပျက်စီးခဲ့သည်။

- ဩဂုတ် ၁၂ ရက်၌ စစ်ကောင်စီတပ်သားများ တပ်စွဲထားသော တောင်သာမြို့ရဲစခန်း၊ အမှတ်(၁၀) အထည်ချုပ်စက်ရုံ (စွပ်ကျယ်စက်ရုံ)၊ တောင်သာ-မိတ္ထီလာလမ်းပိုင်းရှိ ဓာတ်ငွေ့ပိုက်လိုင်းစက်ရုံအနီးနှင့် ဘုရားလှပျူစောထီးကျေးရွာတို့တွင် တိုက်ပွဲများဖြစ်ပွားနေပြီး စစ်ကောင်စီတပ်က လေကြောင်းဖြင့် ပစ်ကူပေးခဲ့သည်။

- ဩဂုတ် ၉ ရက်တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့တွင်းကို အာရက္ခတပ်တော် (AA) က ဝင်စီးပြီး ပိတ်မိနေကြတဲ့ ဒေသခံ ပြည်သူတွေကို အာရက္ခတပ်တော်(AA) က ကယ်ထုတ်ခဲ့ပါသည်။ တိုက်ပွဲက ပြင်းထန်နေပြီး စစ်ကောင်စီမှ လေကြောင်းနဲ့ ဆက်ပြီး ဗုံးကြဲခဲ့ပါသည်။

- ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရှစ်သောင်းဘုရားနှင့် မြောက်ဦးဟိုတယ်အနီးပတ်ဝန်းကျင်အား စစ်ကောင်စီက ဩဂုတ် ၁၀ ရက်တွင် လေကြောင်းဖြင့် လာရောက် ဗုံးကြဲသည့်အတွက် ဒေသခံ ၆ ဦး သေဆုံးခဲ့သည်။

- ရခိုင်တောင်ပိုင်း သံတွဲနှင့် ဂွမြို့နယ်နိမိတ်ရှိ ကျိန္တလီမြို့နယ်ခွဲအတွင်း ဩဂုတ် ၁၀ ရက်က AA နှင့် စစ်ကောင်စီတို့ ပထမဆုံး တိုက်ပွဲဖြစ်ပွားပြီး စစ်ကောင်စီမှ လေကြောင်း ဗုံးကြဲမှု ၃ ကြိမ်ထက်မနည်း ပြုလုပ်ခဲ့သည်။

- ဩဂုတ် ၈ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့ပြင်မှာ TNLA နဲ့ စစ်ကောင်စီတို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု သုံးကြိမ် ပြုလုပ်ခဲ့ပါသည်။

- ဩဂုတ် ၁၀ ရက်က စတင်ပြီး ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ ဒုဋ္ဌဝတီတံတားအနီးတွင် တိုက်ပွဲများ ဖြစ်ပွားနေပြီး စစ်တပ်က ကျေးရွာများကို လေကြောင်းဖြင့် ဆက်တိုက် ဗုံးကျဲ တိုက်ခိုက်ခဲ့သည်။

- ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့တွင် ဩဂုတ် ၁၁ ရက်က တအာင်းတပ်(TNLA) ဦးဆောင်တဲ့ ပူးပေါင်းတပ်တွေနဲ့ စစ်ကောင်စီတပ်တွေကြား တိုက်ပွဲပြင်းထန်နေပြီး စစ်တပ်က လေကြောင်းကနေ ပစ်ကူတိုက်ခိုက်ခဲ့ပါသည်။

- ဩဂုတ် ၁၁ ရက်တွင် TNLA နဲ့ စစ်ကောင်စီတပ်တို့ နောင်ချိုမြို့နယ်ရှိ အမြောက်တပ် ၉၀၂ ၊ ခမ ၃၀၂၊ ခမရ ၃၂၅၊ ခမရ ၃၀၆ တို့မှာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီက လေကြောင်းကနေ ၆ ကြိမ်လာ ရောက် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

- ဩဂုတ် ၁၂ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့ရှိ ခလရ (၂၃)အနီး TNLA နှင့် စစ်ကောင်စီ တို့ တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီက ယင်းနေရာတဝိုက်ကို Y-12 ထောက်ပို့ လေယာဉ်ဖြင့် ၁၂ ကြိမ်၊ ဗုံးအလုံးရေ ၈၅ လုံး ကြဲချ တိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၁၂ ရက်တွင် စစ်ကောင်စီတပ်၏ လေကြောင်းမှ ၃ ကြိမ်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်မြို့၊ မြို့လယ်ရပ်ကွက်ရှိ EPC ရုံးအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ထိုရုံးဝန်းရှိ ဒေသခံတစ်ဦး သေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၁၃ ရက်တွင် နောင်ချိုမြို့နယ်၊ နောင်လင်ကျေးရွာတွင် TNLA နှင့် စစ်ကောင်စီ၏ ခမရ(၃၀၂) တပ်၊ ခမရ (၃၂၅) တပ်၊ ခမရ(၃၀၆)တပ်ရင်းတို့ တိုက်ပွဲဖြစ်ခဲ့ရာ စစ်ကောင်စီက တိုက်လေယာဉ်၊ Y12 လေယာဉ်တို့ဖြင့် ၁၁ ကြိမ် ဗုံး ၈၅ လုံး ကြဲချတိုက်ခိုက်ခဲ့သည်။ ထို့ပြင် သီပေါမြို့ ခလရ (၂၃)တပ်စခန်းကိုလည်း TNLA က ဆက်လက်ထိုးစစ်ဆင်ခဲ့ရာ စစ်ကောင်စီက (၈)ကြိမ် လေကြောင်း ပစ်ကူပေး တိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၉ ရက်တွင် တနင်္သာရီမြို့နယ်အတွင်းရှိ ကျောက်မိကျောင်းရွာ၊ ညောင်ပင်ကွင်း (အရှေ့ကမ်း) ရွာနှင့် ကွင်းသစ်ရွာ စာသင်ကျောင်းတို့ကို စစ်တပ်က K-8W Jet Fighter အမျိုးအစား တိုက်လေယာဉ် ၂ စီးဖြင့် အကြောင်းမဲ့ ဗုံးကျဲ တိုက်ခိုက်ခဲ့သည်။

**လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ**

- ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့အတွင်း ဩဂုတ် ၉ ရက်က စစ်ကောင်စီရဲ့ လက်နက်ကြီးနဲ့ ပစ်ခတ်မှုတွေ ကြောင့် ဒေသခံ သုံးဦးထက်မနည်း သေဆုံးခဲ့သည်။

- ချင်းပြည်နယ်၊ မင်းတပ်မြို့မှာ ဩဂုတ် ၉ ရက်က စစ်ကောင်စီတပ်က ပစ်လိုက်တဲ့ လက်နက်ကြီးကျည် ထိမှန်လို့ အမျိုးသမီး တစ်ဦးသေဆုံးပြီး ကလေးတစ်ဦးလည်း ဒဏ်ရာအပြင်းအထန် ရရှိခဲ့ပါသည်။

- ဩဂုတ် ၉ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံ အမှတ်(၁၅)တပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့၍ ညောင်ပင် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲရာ နေအိမ် ၂၅ လုံး မီးလောင်ပျက်စီးခဲ့သည်။

- ဩဂုတ် ၇ ရက်တွင် စစ်ကိုင်းတိုင်း ၊ ယင်းမာပင်မြို့နယ်အတွင်း စစ်ကောင်စီတပ်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ဒေသခံ သုံးဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၁၁ ရက်က မုံရွာမြို့အဝင် မအူစစ်ဆင်ရေးဂိတ်မှ လက်နက်ကြီးသုံးလုံးပစ်ခတ်ခဲ့ရာ လင်းပင်ဝ ကျေးရွာနှင့် မုံရွာ-အမြင့်လမ်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပြည်သူနှစ်ဦးသေဆုံးကာ ကိုးဦး ဒဏ်ရာရရှိခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်တွင် ဩဂုတ် ၁၂ ရက်က ရေဦးမြို့ပေါ်မှ စစ်ကောင်စီတပ် လက်နက်ကြီး နှစ်ကြိမ် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ခင်ဦးမြို့နယ်အနောက်ခြမ်း ရွာသစ်ကျေးရွာနေ အမျိုးသမီးကြီး တစ်ဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ထနောင်းတောကျေးရွာနဲ့ အောင်သာရွာမှာ စစ်ကောင်စီတပ်ဖွဲ့က ဩဂုတ် ၁၃ ရက်မှာ လက်နက်ကြီးရဲ့ ရမ်းသန်းပစ်ခတ်တာကြောင့် ပြည်သူ ၁၁ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာပြင်းထန်ရရှိခဲ့ပါသည်။

- ဩဂုတ် ၁၂ ရက်တွင် စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်ခဲ့မှုကြောင့် သီပေါမြို့၊ မြို့လယ် ရပ်ကွက်၊ ပြောင်းဖူးပွဲရုံအနီး လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့ကာ မိသားစုဝင် သုံးဦး သေဆုံးခဲ့သည်။

## ဩဂုတ်လ ဒုတိယအပတ်အတွင်း အခြားထိတွေ့တိုက်ပွဲ

- ဩဂုတ် ၆ ရက်တွင် ပဲခူးတိုင်းအရှေ့ခြမ်း၊ ညောင်လေးပင်မြို့နယ်၊ ရေဖြူကန်ကျေးရွာမှာ တပ်စွဲထား တဲ့ စစ်ကောင်စီ စစ်ကြောင်းကို ပြည်သူ့ကာကွယ်ရေးဒရုန်းတပ်ဖွဲ့ (၃)ဖွဲ့ ပူးပေါင်းတိုက်ရာ စစ်တပ်က တပ်ရင်းမှူးနဲ့ တပ်ခွဲမှူးတို့ သေဆုံးခဲ့ပါသည်။

- ပဲခူးတိုင်းအရှေ့ခြမ်း၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့ ကင်းမွန်းခြံ၊ ဒိုးတန်း၊ ဒါးဒေါက်နဲ့ ပုဂံကွဲ ကျေးရွာတွေအနီးမှာ ဩဂုတ် ၉ ရက်က စတင်ပြီး စစ်ကောင်စီတပ်တွေနဲ့ KNLA ပူးပေါင်းစစ်ကြောင်း တွေ တိုက်ပွဲပြင်းထန်နေပါသည်။

- ဩဂုတ် ၁၁ ရက်က ညောင်လေးပင်မြို့နယ်၊ ပုဇွန်မြောင်းကျေးရွာ အရှေ့ပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့ နှင့် PDF တပ်ရင်း ၃၇၀၃ တို့ကြား အပြန်အလှန် ပစ်ခတ်တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်သား ၃ ဦးသေဆုံးကာ ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ချင်းပြည်နယ်၊ ဟားခါးမြို့အနီးရှိ စစ်ကောင်စီ၏ Keivangzuan တပ်စခန်းကို ချင်းကာကွယ်ရေး ပူးပေါင်းတပ်က ဩဂုတ် ၁၂ ရက်တွင် သိမ်းပိုက်လိုက်ပြီး စစ်ကောင်စီတပ်သား ၁၀ ဦး သေဆုံးခဲ့သည်။

- ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ ခတ်ချိုရွာအနီးတွင် ဩဂုတ် ၃ ရက်က KIA ဦးဆောင်သည့် ပူးပေါင်း တပ်များနှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲပြင်းထန်ခဲ့ပြီး စစ်ကောင်စီဘက်မှ ၂၀ ဦးထက်မနည်း သေဆုံး ခဲ့သည်။

- ဩဂုတ် ၈ ရက်တွင် ကရင်နီပြည်နယ်၊ ဘော်လခဲမြို့နယ်ရှိ ရေကျော်အမည်ရှိ စစ်ကောင်စီစခန်းကို သိမ်းပိုက်ရာတွင် စစ်ကောင်စီတပ်သား ၆ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၅ ရက်တွင် မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ဝက်ပုတ်ရွာ ပျူစောထီးစခန်းကို တော်လှန်ရေးအဖွဲ့ များ ပူးပေါင်းပြီး ထိုးစစ် ဆင်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်သား၊ ပျူစောထီး ၁၀ ဦးသေဆုံးပြီး PDF ရဲဘော် ၂ ဦး ကျဆုံးခဲ့သည်။ ထို့နောက် ဩဂုတ်လ ၆ ရက်တွင် ကာကင်း စခန်း ၂ ခုကို ထပ်မံသိမ်း ဆည်းရရှိခဲ့သည်။

- မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကိုင်းတောမကျေးရွာရှိ စခန်းအားလုံးကို ကာကွယ်ရေးတပ်ဖွဲ့များက လေးရက်ကြာ တိုက်ခိုက်ပြီးနောက် ဩဂုတ် ၇ ရက်တွင် သိမ်းပိုက်ရရှိခဲ့သည်။

- ဩဂုတ် ၁၀ ရက်တွင် မကွေးတိုင်း၊ ရေစကြိုမြို့၊ ခလရ ၂၅၈ တပ်ရင်းမှ အိမ်စီးကားဖြင့် ထွက်လာသော စစ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များမှ မိုင်းဆွဲပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၂ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၁၀ ရက်တွင် မကွေးတိုင်း ၊ စလင်းမြို့မှာရှိတဲ့ စစ်ကောင်စီရဲ့ မြို့မရဲစခန်းကို PDF တွေက ဒရုန်းနဲ့ ဗုံးသီးချပြီး တိုက်ခိုက်ခဲ့ရာ စခန်းမှူး နဲ့ အခြားအဆင့် ၃ ဦး စုစုပေါင်း ၄ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၁၀ ရက်က ပခုက္ကူမြို့မှ ရေစကြိုမြို့နယ်ဘက်သို့ လက်နက် ခဲယမ်းရိက္ခာဖြည့်တင်းရန် စစ်ကား ၂ စီး၊ ဖောကား တစ်စီးဖြင့် ထွက်ခွာလာသော စစ်သားများကို Southern YSO PDF ထံမှ လမ်းပိုင်းနေရာအရောက် မိုင်းဆွဲပြီး ကြားဖြတ် စီးနင်းတိုက်ခိုက်ခဲ့ရာ စစ်သား ၂၅ ဦးသေဆုံးပြီး ၅ ဦးအရှင်ဖမ်းမိကာ လက်နက် ၄ လက်သိမ်းဆည်းရရှိခဲ့သည်။

- ဩဂုတ် ၁၁ ရက်က မကွေးတိုင်း၊ သရက်မြို့နယ်တွင် စစ်ကောင်စီစစ်ကြောင်းအား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ နှစ်ဦးသေဆုံးခဲ့ပြီး စစ်ကောင်စီက အရပ်သားသုံးဦးကို ဖမ်းဆီးသွားခဲ့သည်။

- ဩဂုတ် ၁၃ ရက်တွင် မကွေးတိုင်း၊ ပေါက်မြို့နယ်၊ တပ်ကုန်းရွာသစ်ရှိ စစ်ကောင်စီ တပ်သားများကို တော်လှန်ရေး တပ်ဖွဲ့များက Fix Win Drone ဖြင့် ဗုံးအလုံး ၅၀ နှင့် Rocket အလုံး ၂၀ တို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်တပ်ဘက်မှ ၂ ဦး သေဆုံးခဲ့သည်။

- မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ဆီးမီးခုံမြို့အဝင်ဂိတ်ကို ဩဂုတ် ၇ ရက်တွင် PDF တို့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်သား သုံးဦး သေဆုံးပြီး သေနတ်တစ်လက် သိမ်းဆည်းရမိခဲ့သည်။

- ဩဂုတ် ၈ ရက်တွင် မြင်းခြံမြို့နယ်၊ မြောက်ကျွန်းကျေးရွာ၌ တပ်စွဲပြီး ဂိတ်ဖွင့်ပြီး ခရီးသွားပြည်သူများထံမှ ဆက်ကြေး ကောက်နေသော စစ်ဆေးရေးဂိတ်ကို တော်လှန်ရေးပူးပေါင်းတပ်များမှ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီ တပ်သား ၃ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၁၀ ရက်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ ဝဲလောင်ရွာလျှပ်စစ်ဓာတ်အား ခွဲရုံရှိ စစ်ကောင်စီစခန်းအား ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၆ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၁၀ ရက်က မြင်းခြံခရိုင်အထူးစစ်ဆင်ရေး(MDSO)အဖြစ် နွားထိုးကြီးမြို့ပေါ်ရှိ စစ်ကောင်စီတပ်စခန်း လေးခုကို အပြီးသတ် သိမ်းပိုက်ရရှိခဲ့ပြီး စစ်ကောင်စီတပ်သား ၃၀ ကျော် သေဆုံးကာ သေနတ် ၂၇ လက်နှင့် စစ်သုံ့ပန်း ၃ ဦး ဖမ်းဆီးရမိခဲ့သည်။

- မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပွဲခင်းမရွာကို ကာကွယ်ရေးပူးပေါင်းအဖွဲ့က ဩဂုတ် ၁၂ ရက်တွင် ဝင်ရောက် တိုက်ခိုက်ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၆ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၈ ရက်က မွန်ပြည်နယ်၊ရေးမြို့နယ်၊ မြို့ဟောင်းကျေးရွာတွင် တော်လှန်ရေးပူးပေါင်းတပ်များနှင့် စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ပြီး စစ်ကောင်စီတပ်မှ ခြောက်ဦးသေဆုံးကာ PDF ရဲဘော်တစ်ဦးကျဆုံးခဲ့သည်။

- ဩဂုတ် ၉ ရက်တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့တွင်းကို အာရက္ခတပ်တော် (AA) က ဝင်စီးပြီး ပိတ်မိနေကြတဲ့ ဒေသခံ ပြည်သူတွေကို အာရက္ခတပ်တော်(AA) က ကယ်ထုတ်ခဲ့ပါသည်။ တိုက်ပွဲက ပြင်းထန်နေပြီး စစ်ကောင်စီမှ လေကြောင်းနဲ့ ဆက်ပြီး ဗုံးကြဲခဲ့ပါသည်။

- AA သည် ရခိုင်ပြည်နယ်(တောင်ပိုင်း)၊ ဂွမြို့နယ်ထဲက ကျိန္တလီမြို့အနီးရှိ ချင်းကွင်း စစ်ကောင်စီဂိတ်ကို ဩဂုတ် ၁၀ ရက်က စတင်တိုက်ခိုက်ခဲ့ပြီးနောက် ကျိန္တလီမြို့အား ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ဩဂုတ် ၁၄ ရက်တွင် အပြီးတိုင် သိမ်းပိုက်ရရှိခဲ့သည်။

- ဩဂုတ် ၆ ရက်တွင် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ အုန်းတောကျေးရွာမှ မိုင်းရှင်းရန်ထွက်လာသော စစ်သားများကို Generation Z Power – Mandaly တပ်ဖွဲ့မှ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၅ ဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၆ ရက်က စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့၌ Mi-17 စစ်ရဟတ်ယာဉ်အား တော်လှန်ရေးတပ်ဖွဲ့များက ဒရုန်းနှင့် ဗုံးသီးချတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်တွင် ဘီလူးစစ်ကြောင်းမှ အရာရှိအပါအဝင် ၇ ဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၇ ရက်တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ မုံရွာတိုးဂိတ်အနီး၌ ဆက်ကြေးကောက်နေသော စစ်သားများကို တော်လှန်ရေးတပ်ဖွဲ့များက ထန်းလုံးမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ စစ်သား ၆ ဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်၊ မုံရွာ -ပုသိမ်လမ်းပေါ်ရှိ ဝမ်ပေါင်ယန်စီကုမ္ပဏီမှ ကင်းပုန်းဝပ်ရန် ထွက်လာသော စစ်သားများကို ဩဂုတ် ၇ ရက်တွင် တော်လှန်ရေးတပ်ဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်သား ၂ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၉ ရက်တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဇီးကုန်းလေးပျူရွာမှ ပျူစောထီးနှင့်စစ်သား ငါးဦး ကင်းယူထားသည့် မူးတံတားပေါ်ရှိ ဂိတ်ကို PDF တပ်ဖွဲ့က အနီးကပ်ဝင်ရောက်ပစ်ခတ်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၉ ရက်၌ စစ်ကိုင်းတိုင်း၊ မြင်းမူမြို့အဝင်တွင် စစ်တပ် သင်တန်းဆင်းများနှင့် စစ်ကောင်စီ တပ်သားများ လိုက်ပါလာသော ယာဉ်တန်းကို တော်လှန်ရေးရဲဘော်များက တိုက်ခိုက်ရာ စစ်တပ် ဘက်မှ ၁၈ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၁၀ ရက်တွင် စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ စစ်ကောင်စီ၏ တကရ ၅၀၀၄ တပ်ရင်းကို တော်လှန်ရေးတပ်ဖွဲ့များမှ ဒရုန်းဖြင့် ဗုံးကျဲတိုက်ခိုက်ခဲ့ရာ စစ်သား ၂ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၁၃ ရက်က စစ်ကိုင်းမြို့နယ်၊ မင်းကွန်းရဲစခန်းမှ အင်အား ၁၀၀ ခန့်ဖြင့် ထွက်လာသော စစ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ခုခံတိုက်ခိုက်ခဲ့ရာ စစ်သားများ အထိနာခဲ့သဖြင့် မြသိန်းတန်ဘုရားအနီးရှိ ရှားရောင်း ကျေးရွာမှ ပြည်သူ့နေအိမ် ၂ လုံးထက်မနည်းကို မီးရှို့ဖျက်ဆီးခဲ့ သည်။

- ဩဂုတ် ၁၃ ရက်တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ရွှေဘိုမြို့မှ အောင်ချမ်းသာရွာဘက်ကို စစ်ကြောင်းထိုးထားသော စစ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ၄ ကြိမ် ကြားဖြတ်တိုက် ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၆ ဦး သေဆုံးခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ် နမ့်ခွမ်းကျေးရွာအနီးမှာ ဩဂုတ် ၈ ရက်က ကိုးကန့်တပ် (MNDAA)နဲ့ စစ်ကောင်စီ တို့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။

- ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်တွင် PNLA မဟာမိတ်ပူးပေါင်းတပ်များနှင့် စစ်ကောင်စီတို့ ဩဂုတ် ၇ ရက်က တိုက်ပွဲဆက်လက်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဘက်က ၁၆ ဦး ထက်မနည်း သေဆုံးခဲ့သည်။

- ဩဂုတ် ၁၀ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့အရှေ့ဘက်တွင် PNLA နှင့် စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ပြီး စစ်သား ၃ ဦး သေဆုံးကာ စစ်တပ်မှ စစ်မှုထမ်း သင်တန်းဆင်း ရွှေဘိုမြို့နယ်သား တစ်ဦး ကို ဖမ်းဆီးရရှိခဲ့သည်။

- ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ ကျောက်ကူဒေသတွင် DPLF/DPLA နှင့် စစ်ကောင်စီတို့ ဩဂုတ် ၈ ရက်က တိုက်ပွဲဖြစ်ခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးကာ ရှစ်ဦးဖမ်းမိခဲ့သည်။

- ဩဂုတ် ၄ ရက်က တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်၊ မောင်မယ်ရှောင်ကျေးရွာအတွင်းရှိ နေအိမ်များကို ဖောက်ထွင်းခိုးယူနေသော စစ်တပ်ကို ရေဖြူပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - YPPDF မှ တိုက်ခိုက်ရာ စစ်သား ၁၃ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၈ ရက်တွင် တနင်္သာရီတိုင်း၊ပုလောမြို့နယ်၊ မီးလောင်ချောင်းကျေးရွာရှိ စစ်တပ်နှင့် ပျူစောထီးများ တပ်စွဲထားသောနေရာကို တော်လှန်ရေးတပ်ဖွဲ့များက ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ရာတွင် စစ်ကောင်စီ တပ်သား ၁ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၈ ရက်တွင် တနင်္သာရီမြို့နယ်၊ တမုတ်ချုံးကျေးရွာအနီး၊ တမုတ်ချုံးချောင်းဖျားသို့ စစ်ကြောင်းထိုး ဝင်ရောက်လာသော စစ်ကောင်စီတပ်သားများကို မြိတ်ခရိုင်ပူးပေါင်းစစ်ကြောင်း ၂ တပ်ဖွဲ့ဝင်များက မိုင်းဆွဲပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၄ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၉ ရက်က တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ မြေမအုံကျေးရွာအနီးတွင် စစ်တပ်စစ်ကြောင်းကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းစစ်ကြောင်း ၁ မှ ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၁ ဦးသေဆုံးခဲ့သည်။

**ဇူလိုင်လ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**